ရှားပင်ကျေးရွာ
မော်လိုက်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရှားပင်ကျေးရွာ၊ မော်လိုက်မြို့နယ်
(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇွန်လ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု၊ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပတမဦးဆုံးသောကျေးရွာသူ၊ကျေးရွာသားများပူးပေါင်းရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအားကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့်ဒေသန္တရအရေးကြီးအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်ကြွစွာကူညီပံ့ပိုးပေးကြပါသောကျေးရွာအုပ်စု၊အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုအစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်တုံးလုပ်နည်းများကိုမသိရှိခဲ့ပါလူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြသည့် နည်းလမ်းအတွက်ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်း၊သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကလိုအပ်သောအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်ဌာနဆိုင်ရာများ၏အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအားအဓိကဖော်ပြထားပြီးစီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကင်းကပ်ကျေးရွာအုပ်စု၊ရှားပင်ကျေးရွာ
မော်လိုက်မြို့နယ်

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်

Scanned by CamScanner

ရှားပင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းသောင်ရွှက်ခဲ့ပြီးသော အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရယူရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ပြဿနာဖြစ်ရသည့်အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များအပေါ်အခြေခံ၍(၅)နှစ်တာကာလအတွင်းဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကိုချိတ်ဆက်၍ဆောင်ရွက်ရမည်ကိုသိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့်လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင ်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ရှားပင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးပြည့်စုံမှုအပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Scanned by CamScanner

ကျေးရွာ၏ တည်နေရာ၊ ပထဝီ အနေအထားနှင့် သဘာဝအရင်းအမြစ်

ကျေးရွာ၏ တည်နေရာမှာ မြန်မာနိုင်ငံ၏ အထက်ပိုင်း အနောက်မြောက်ဘက်တွင် တည်ရှိ၍ မော်လိုက်မြို့နှင့် (၇)မိုင်ခန့်ကွာဝေးပါသည်။ မြို့ကြီးများနှင့် ဝေးလံလှပြီး လမ်းပန်း ဆက်သွယ်ရေးမှာလည်း ရေကြောင်းကိုသာ အဓိကအားထားရသော ချင်းတွင်းမြစ်ဘေးမှ ရှားပင် ရွာလေး ဖြစ်ပါသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် တစ်မျှော်တစ်ခေါ် ကောက်ကြီးလယ်ကွင်းပြင်ကြီးရှိပြီး ရွာ၏ အနောက်ဘက်၌ ချင်းတွင်းမြစ်ခေါ် သလွာဝတီမြစ်ကြီး ရှိပါသည်။ ၄င်းမြစ်၏ အနောက်ခြမ်းတွင်လည်း တောင်တန်းကြီးများ ရှိပါသည်။

ရွာ၏ မြောက်ဘက်တွင် တိန်းသာရွာ၊ အိုးဘိုရွာအစရှိသော ရွာတန်းရှည်ကြီး တစ်ဆက်တစ်စပ် တည်း တည်ရှိနေကြပါသည်။ ရွာ၏ တောင်ဘက်မှာတော့ "ယာ"ဟုခေါ်သော မြေပဲ၊ ပြောင်း စသည့် စိုက်ခင်းကွက်များရှိပြီး နွေစပါးစိုက်သည့် ကင်းတပ်အင်းလည်း ရှိပါသည်။

ရွာတွင်းတွင် အစီအစဉ်တကျမဟုတ်သော အိမ်များ၊ လမ်းများနှင့် ဘုန်းတော်ကြီးကျောင်းများ လည်း ရှိပါသည်။ ခမ်းနားထည်ဝါလှသော ဓမ္မဗိမ္ဘာန်ကျောင်းတော်ကြီးလည်း ရှိပါသည်။ စာသင်ကျောင်းမှာ မူလတန်းအဆင့်သာရှိပြီး ရွာနှင့် လေးဖာလုံအကွာတွင် အုပ်စုအထက်တန်းကျောင်းလည်း ရှိပါသည်။ ယခုအခါ မိုးတွင်းဖြစ်၍ ရွာ၏လမ်းများမှာ ခွဲညွှတ်အိုင်များဖြင့် အကျည်းတန်လှပါသည်။

ကျောင်းသို့သွားလာနေကြသော ကျောင်းသူ/ကျောင်းသားများ လွန်စွာခက်ခဲလှပါတော့ သည်။

လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် နေထိုင်လျက်ရှိသော လက်ရှိလူဦးရေမှာ တစ်ထောင့်ခုနှစ်ရာကျော် ရှိပါသည်။ တစ်အိမ်ထောင်စု၏ ပျမ်းမျှလူဦးရေမှာ ငါးယောက်ခန့်ရှိ၍ လုပ်ငန်းခွင်၌ လက်တွေ့လုပ်ကိုင်နေသူမှာ နှစ်ယောက်ခန့်သာ ဖြစ်ပါသည်။

ပျမ်းမျှ၏ ကျန်သုံးယောက်မှာ သက်ကြီးရွယ်အိုများနှင့် ကျောင်းနေရွယ်ကလေးများ (သို့)နို့စို့ရွယ် ကလေးများ ဖြစ်ကြပါသည်။ အစိုးရဝန်ထမ်းများလည်း အနည်းငယ်ရှိပါသည်။

ရွာသူရွာသားအများစုသည် တောင်သူလုပ်ငန်းများကိုသာ အဓိကထား၍ ရိုးသားစွာ လုပ်ကိုင်စား သောက်နေထိုင်သူများ ဖြစ်ကြပါသည်။ ကုန်သည် ခြောက်ဦးခန့်နှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ဆယ့်နှစ်ဦးခန့်လည်း ရှိပါသည်။

Scanned by CamScanner

စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် လယ်ယာစိုက် တောင်သူများက အများစုဖြစ်ပါသည်။ ကုန်သည်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။ ဆီစက်ဆန်စက်ပိုင်ရှင်များက ကြီးစိုးသည်။

ဝင်ငွေရရှိရေးအတွက် ရွာသူရွာသားများသည် ကြုံရာကျပန်းအလုပ်များကို လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာတွင် မြေပိုင်ယာပိုင်မဟုတ်သော ဆင်းရဲသားမိသားစုများလည်း ရှိနေပါသေးသည်။ တစ်ရွာလုံး ခြံကြည့်လျှင် စီးပွားရေးအခြေအနေမှာ အသင့်အတင့်သာ ရှိပါသည်။

ကျေးရွာတွင် ယောကျ်ားတစ်ယောက်၏ နေ့စားလုပ်အားခမှာ ၄၀၀၀/-အထက်ရှိပြီး မိန်းကလေးတစ်ယောက်၏ နေ့စားလုပ်အားခမှာ ၃၀၀၀/-ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့်အဟာရ

ကျေးရွာလူထုတွင် အဖြစ်များနေသည့် ရောဂါများမှာ ငှက်ဖျား၊ တုပ်ကွေးရောဂါများ၊ သွေးတိုး၊ သွေးကျရောဂါများနှင့် လေဖျန်းခြင်း၊ အကြောနာခြင်း၊ ရာသီအကူးအပြောင်းကာလများတွင် ဖြစ်တတ်လေ့ရှိသော နှာစေးခြင်း၊ ချောင်းဆိုးခြင်းစသည့် ရောဂါများဖြစ်လေ့ရှိပြီး ဝမ်းပျက် ဝမ်းလျောရောဂါများလည်း လူကြီးလူငယ်အလိုက် တွေ့ကြုံရတတ်ပါသည်။

ထိုသို့ ရောဂါများ တွေ့ကြုံရသည့်အခါများတွင် ကျေးရွာဒေသသည် ဖွံ့ဖြိုးမှုမရှိသည့်အတွက် ဆေးဝါးများမှာ လုံလောက်စွာမရှိ၍ နီးစပ်ရာမြို့သို့သွားပြီး ဆေးဆိုင်ကြီးများမှ ဆေးဝါးများကို ဝယ်ယူသုံးစွဲရပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဆေးပေးခန်းနှင့် ဆေးဆရာမများ လိုအပ်နေပါသည်။ ကျေးရွာတစ်ခုတွင် ဆေးပေးခန်းနှင့် ဆေးဆရာမများရှိနေမှသာလျှင် ကျေးရွာလူထုအတွက် ကျန်းမာရေးချို့တဲ့မှုများ လျော့နည်းပြီး စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ကောင်းမွန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျန်းမာရေး ကောင်းမွန်ပြီး အလုပ်အကိုင်များဆောင်ရွက်နိုင်ရေးအတွက်လည်း ကျေးရွာအတွင်းရှိ လူထုများသည် သန့်ရှင်း လတ်ဆတ်သော အစားအစာများနှင့် အာဟာရဖြစ်စေနိုင်သည့် အသီး၊ အရွက်၊ အသားငါးများကို သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည်။ မိုးဦးကာလအချိန်တွင် သန့်စင်မှုမရှိသော ရေနှင့် ယင်နားစာများ၊ အမှည့်လွန်သော သစ်သီးများကို စားသုံးမိသောအခါ ကလေးအများစုမှာ ဗိုက်အောင့်၊ ဗိုက်နာ၊ ဝမ်းပျက်ဝမ်းလျော ရောဂါများဖြစ်တတ်သောကြောင့် ရပ်ရွာအတွင်းရှိ ကျန်းမာရေးအကြောင်း သိနားလည်သည့် လူကြီးများမှ ဟောပြောပွဲများ ပြုလုပ်ပြီး နားလည်အောင် ပြောပြပေးရန် လိုအပ်ပါသည်။

ကျေးရွာလူထုများတွင် အဖြစ်များနေသည့် ရောဂါများ မဖြစ်ပွားစေရန်နှင့် ကျေးရွာအတွင်းတွင် ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးပေးခန်းနှင့် ဆေးဆရာမများ ချထားပေးရန်၊ ရာသီအလိုက် လိုအပ်

Scanned by CamScanner

သည့် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးရန်အတွက် ကျန်းမာရေးသိနားလည်သည့် လူကြီးများမှ ပြောပြပေးရန် လိုအပ်ပါသည်။ သို့မှသာ ကျေးရွာများတွင် ကျန်းမာရေးကောင်းမွန်ခြင်းနှင့် အာဟာရများ ကောင်းမွန်စွာရရှိနိုင်မည် ဖြစ်သည်။

ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာအတွင်းတွင် မူလတန်းနှင့် အလယ်တန်းပညာတတ်မြောက်မှုနှုန်းမှာ ၇၇.၆%ခန့်သာ ရှိပြီး အထက်တန်းပညာတတ်မြောက်မှုနှုန်းမှာ ၈%ခန့်သာရှိပြီး တက္ကသိုလ်ဘွဲ့ ရသူများမှာ တစ်ရပ်ရွာလုံး၏ ၆%ခန့်သာ ရှိပါသည်။

ကျေးရွာအတွင်းတွင် ပညာတတ်မြောက်မှုဦးရေနည်းပါးခြင်းမှာ ကျေးရွာတွင် ကျောင်းနေသူဦးရေ နည်းပါးမှုကြောင့် ဖြစ်သည်။ ကျောင်းနေသူဦးရေ နည်းပါးရခြင်းမှာ ကျေးရွာ၏ အလုပ်အကိုင်အဆင်မပြေမှုရှိပြီး လုပ်ကိုင်ရသော အလုပ်အကိုင်မှာလည်း တောင်သူလုပ်ငန်း ဖြစ်သောကြောင့် ဖြစ်သည်။ ယခုခေတ်တွင် ကျောင်းသားမိဘများသည် ကျောင်းတစ်ခုတည်း တက်ခိုင်းရုံဖြင့် မလုံလောက်၍ အပြင်ကျူရှင်များ၊ Guideဆရာ/ဆရာမများပါ ထားပေးရသောကြောင့် တောင်သူလုပ်ငန်းလုပ်ကိုင်သော မိဘတစ်ချို့မှာ ကျောင်းမထားနိုင်ကြပေ။ ကျေးရွာလူထုများသည် တောင်သူလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ကြသောကြောင့် ရိုးရာလက်မှုပညာများကို ကျွမ်းကျင်စွာ မတတ်မြောက်ကြပေ။ အခြား အသက်မွေးဝမ်းကျောင်းပညာများတွင်လည်း အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။ တစ်ရွာလုံးအနေဖြင့် ခြုံကြည့် ရလျှင် ပညာရေးနှင့်ကျွမ်းကျင်မှုများမှာ နည်းပါးကြောင်း တွေ့ရှိရပါသည်။

အမျိုးသား၊ အမျိုးသမီးဆိုင်ရာ ဆက်နွယ်မှု

ရပ်ရွာအတွင်း ရပ်ရွာအရေးကိစ္စများ၌ အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များစွာ ရှိပါသည်။ အချို့ကိစ္စရပ်များတွင် အမျိုးသမီးများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေသော စည်းလုံးခြင်းကို အခြေခံ၍ ရပ်ရွာဖွံ့ဖြိုးရေးကို အဓိကပါဝင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများစွာ ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ၏ အဓိကအခြေခံအကြောင်းအရင်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကိစ္စရပ်များနှင့်အတူ အလုပ်အကိုင်ဆိုင်ရာလုပ်ငန်း များစွာကို အမျိုးသ အဖွဲ့များသည် အမျိုးသားအဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါ အမျိုးသားများသည် ပညာရေးအတွက် ဆောင်ရွက်နိုင်ရန် ရပ်ရွာထဲတွင် ပညာရေးနှင့်ပတ်သ

Scanned by CamScanner

အဖွဲ့.အစည်းများ ဖွဲ့.စည်းဆောင်ရွက်လျက်ရှိပါသည်။ ထိုပညာရေးအဖွဲ့.အစည်းများမှ အမျိုးသားများသည် ပညာရေးအတွက် လိုအပ်သောပစ္စည်းများကို ရရှိနိုင်ရေးအတွက် ရပ်ရွာထဲတွင် အမျိုးသမီးများနှင့်အတူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များတွင် ဝိုင်းဝန်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ရပ်ရွာအတွင်းတွင် ဆေးခန်းနှင့် ဆေးဆရာ၊ ဆရာမများ၊ နာရေးအကူအညီပေးရေးဆိုင်ရာအဖွဲ့.အစည်းများမရှိခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းသို့ သွားလာရန် လိုအပ်သူများကို အမျိုးသားများနှင့်အမျိုးသမီးများက ကိုယ်တိုင်ကိုယ်ကလိုက်လံပို့ဆောင်၍ ကူညီဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာအတွင်းတွင် သာရေး၊ နာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်ရာ၌ အမျိုးသားများနှင့် အမျိုးသမီးများ၏ ဝိုင်းဝန်းလုပ်ဆောင်မှု၊ စည်းလုံးညီညွတ်မှု၊ ရေသာခိုမှုမရှိဘဲ တက်ကြွစွာပါဝင်ဆောင်ရွက်မှုစသည်ဖြင့် အမျိုးသားများနှင့် အမျိုးသမီးများ၏ ဆက်နွယ်မှုကို လေ့လာတွေ့ရှိနိုင်ပါသည်။

ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးမှုလုပ်ငန်းများ

မော်လိုက်မြို့နယ်၊ ကင်းတပ်အုပ်စု၊ ရှားပင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ် သော အခြားအသက်မွေးမှုလုပ်ငန်းများမှာ ပြင်ပသို့ထွက်၍ လုပ်ကိုင်ကြခြင်း၊ အခြားဒေသများနှင့် ဆက်စပ်၍ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြခြင်း၊ ကျေးလက်ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်းများကိုလည်း ဆောင်ရွက်ကြပါသည်။

ရှားပင်ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံကြီးများတွင် စာပေဟောပြောပွဲများ ကျင်းပပေးခြင်း၊ (၁)မိုင်ခန့်ဝေးကွာသော ကင်းတပ်ကျေးရွာအတွင်းရှိ သားဖွားဆေးခန်းရှိခြင်း၊ ရှားပင်ရွာတွင် မူလတန်းအဆင့်သာရှိပြီး (၁)မိုင်ခန့်ဝေးကွာသော ကင်းတပ်ကျေးရွာ (အထက)ကျောင်းသို့ တက်ရောက်ရခြင်း၊ ကျေးရွာအတွင်းမှာလည်း ဆန်စက်ရုံ၊ ဆီစက်ရုံ စသည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ အပ်ချုပ်လုပ်ငန်းကိုလည်း အနည်းငယ်လုပ်ကိုင်ခြင်း၊ သံတိုသံစ၊ ကော်ဗူးလုပ်ငန်းရောင်းဝယ်ခြင်းကိုလည်း လုပ်ကိုင်ကြပါသည်။

ရှားပင်ကျေးရွာမှ (၇)မိုင်ခန့် ဝေးကွာသောနေရာဖြစ်သည့် မော်လိုက်မြို့မှ ဟင်းသီး ဟင်းရွက်များကိုလည်း သယ်ယူ၍ ရောင်းချကြပါသည်။ တစ်ခြား အလုပ်သမားများမှာ ပန်းရံလုပ်ခြင်း၊ လက်သမားလုပ်ခြင်း၊ ရပ်ဝေးဒေသများတွင် ရွှေမျှောလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြခြင်းစသည့် အသက်မွေးမှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေးနှင့် တိုးတက်မှုအတွက် အခြေအနေကောင်းနှင့်
အဟန့်အတားများ

ရှားပင်းကျေးရွာသည် တောင်နှင့်မြောက်သွယ်တန်းနေပြီး တောင်ဘက်တွင် ကင်းတပ်ရွာတည်ရှိ၍ ကင်းတပ်ရွာနှင့် (၁)မိုင်ခန့်ကွာဝေးပြီး အထက်တန်းကျောင်းတည်ရှိသောကြောင့် ပညာရေးအတွက် ကောင်းမွန်ပါသည်။ သို့ရာတွင် မိုးရာသီအချိန်၌ မြစ်ရေကြီးမှုကြောင့် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရန် အားနည်းနေသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရန် ရွာ၏တောင်ဘက်လမ်းသည် အဓိကဖြစ်သောကြောင့် မြစ်ရေတိုက်စားမှု မဖြစ်ပွားစေရန် ရေကာတာတည်ဆောက်ရန် လိုအပ်နေပါသည်။

ကျေးရွာအတွင်းတွင် ဆေးပေးခန်းမရှိသော်လည်း ကျေးရွာ၏ တောင်ဘက် ကင်းတပ်ရွာ၌ ဆေးပေးခန်းရှိနေသောကြောင့် ကျန်းမာရေးအတွက် အသင့်အတင့်မျှသာ ကောင်းမွန်ပြီး မော်လိုက်မြို့သို့ သွားရန် (၇)မိုင်ခန့်ကွာဝေးပြီး ကင်းတပ်နှင့် ရှားပင်လမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီအချိန်တွင် ဆိုးရွားနေ၍ ကျန်းမာရေးအရ မြို့နယ်ဆေးခန်းသွားရန် နှောင့်နှေးမှုကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းတွင် ဆေးပေးခန်းရှိရန် လိုအပ်နေပါသည်။ ကျေးရွာအတွင်းရှိ လမ်းများမှာ မိုးတွင်းကာလတွင် ရွံ့အိုင်များဖြင့် ပြည့်နှက်နေ၍ ကျေးရွာသူရွာသားများက လုပ်အားပေးလုပ်ကိုင်ကြသောကြောင့် တစ်ချို့လမ်းများမှာ အသင့်အတင့်ကောင်းမွန်ပြီး တစ်ချို့လမ်းများမှာ ရွံ့အိုင်များဖြင့် ရှိနေလျက်ရှိပါသည်။

လမ်းပန်းဆက်သွယ်မှုမှာ ညံ့ဖျင်းနေ၍ ကုန်ရောင်းကုန်ဝယ်စျေးသည်များမှာလည်း အခက်အခဲရှိကြောင်း တွေ့ရှိပြီး မိုးတွင်းကာလတွင် ကုန်စျေးနှုန်းများမှာ အဆမတန်မြင့်တက်နေမှုသည် ပြည်သူလူထုအတွက် ဝမ်းစာရေးမှာ ထိခိုက်မှုရှိကြောင့် တွေ့ရှိရပါသည်။

Scanned by CamScanner

ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု

ရှားပင်ကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသောကြောင့် မြစ်ရေကြီး၍ ရေတက်ချိန်တွင် အနိမ့်ပိုင်းလယ်မြေများမှာ မြစ်ရေရရှိပြီး ကျန်လယ်/ယာမြေများမှာ မိုးရေကိုသာ အဓိကအားထားကြရပါသည်။ မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် မြေပဲနှင့် နှမ်း၊ နေကြာ အနည်းငယ်ကို စိုက်ပျိုးကြပါသည်။

ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရှားပင်ကျေးရွာတွင် ယနေ့အထိ တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ (၇၁)ဦး၊ အထက်တန်းပညာအဆင့် (၉၀)ဦး၊ အလယ်တန်းအဆင့်(၃၃၄)ဦးနှင့် မူလတန်းအဆင့်ရှိသူ (၁၂၁၆)ဦး ရှိပါသည်။ ဒေသတွင်း စာမတတ်သူ မရှိပါ။ တက္ကသိုလ်၊ ကောလိပ်မှ မူလတန်းအထိ ပညာသင်ကြားနေသူ (၃၃၀)ဦး ရှိပါသည်။ ကျေးရွာလူဦးရေ၏ (၈. ၈%)သည် မူလတန်း၊ (၄. ၇%)သည် အလယ်တန်း၊ (၃%)ခန့်သည် အထက်တန်းနှင့် (၂%)ခန့်သည် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားလျက်ရှိပါသည်။ ရှားပင်ရွာတွင် မူလတန်းကျောင်းသာရှိပြီး အလယ်တန်း၊ အထက်တန်းပညာကို (၁)မိုင်ကွာဝေးသော ကင်းတပ်(အထက)သို့ တက်ရောက်ကြရပါသည်။ ရှားပင်ကျေးရွာ၏ ကျန်းမာရေးအတွက် ကင်းတပ်တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ သွားရောက်ကုသကြရပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ့မှုများကို ၄င်းကျန်းမာရေးဌာနမှ နှစ်စဉ်တာဝန်ယူစောင့်ရှောက်မှု ပေးလျက်ရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာ ရရှိပါသည်။ စက်ရေတွင်း (၂၀၇)တွင်းနှင့် လက်တူးတွင်း (၁၃)တွင်းကိုသာ အသုံးပြုပြီး မိုးရေလှောင်ကန်နှင့် စိမ့်စမ်းရေသွယ် မရှိပါ။ ရာသီမခွေး သန့်ရှင်းသော သောက်သုံးရေရရှိပြီး မြစ်ရေကို လျှော်ဖွတ်ခြင်း၊ ရေချိုးခြင်းအတွက် အနည်းစုသာ သုံးစွဲကြပါသည်။

အခြေခံအဆောက်အဦးများ လက်လှမ်းမီမှု၊ လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရှားပင်ကျေးရွာ၏ ကျေးရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များမှာ မြေသားလမ်းများ ဖြစ်ပြီး ပွင်းလင်းရာသီတွင်သာ လွယ်ကူစွာ သွားလာနိုင်ပါသည်။ မြစ်ကြောင်းကိုသာ အဓိကကူးသန်းသွားလာရသဖြင့် ကျေးရွာတွင် စက်လှေ(၅၃)စင်းနှင့် သမ္ဗာန်(၉၁)စင်း ရှိပါသည်။ စက်ဘီး(၆၇)စင်း၊ ဆိုင်ကယ်(၁၉၅)စင်း၊ သုံးဘီးဆိုင်ကယ်(၂)စင်း၊ ထော်လာကျီ(၁)စင်း၊ ကား(၄)စင်းနှင့် နွားလှည်း(၁၉၂)စီးဖြင့် သွားလာဆက်သွယ်ကြပါသည်။ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာလွန်းသဖြင့် လျှပ်စစ်မီးမရရှိပါ။ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အသုံးပြုသူ (၂၇၀)ဦး၊ ဘက်ထရီမီးဖြင့် (၃၆)ဦး၊ မီးအိမ်/ဖယောင်းတိုင်စသည်ဖြင့် သုံးစွဲသူ (၂၁)ဦး ရှိပါသည်။ ဒေသတွင်း လက်ကိုင်ဖုန်း(၂၈၈)လုံး၊ ရေဒီယို(၈၇)လုံး၊ တီဗွီ(၁၂၀)လုံးနှင့် ပြိုလဲတုစလောင်း(၈၆)လုံး

Scanned by CamScanner

ရှိသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာပိုင်းတွင် အားနည်းမှုမရှိပါ။

ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ရှားပင်ကျေးရွာ၏ ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များမှာ-

(၁) ရွာလမ်းမကြီးခဲ့ထွင်ခြင်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်း

(၂) ကျောက်စီကမ်းပါးတည်ဆောက်ခြင်းလုပ်ငန်း

(၃) ရွာတွင်းလမ်းသွယ်များ သဲကျောက်ခင်းခြင်းလုပ်ငန်း

(၄) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

(၁) **ရွာလမ်းမကြီးခဲ့ထွင်ခြင်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်း**

ရှားပင်ကျေးရွာတွင် လမ်းမအား (၂၀)ပေခဲ့ထွင်ခြင်း၊ သဲကျောက်များခင်း ရပ်ရွာလူထုလုပ်အားစိုက်ထုတ်ခြင်း၊ ရွာလမ်းမကြီး (၅၅၀၀)ပေထိ သဲကျောက်ခင်းခြင်းစသည့် လုပ်ငန်းများပါဝင်ပါမည်။ ၄င်းလုပ်ငန်းစဉ်ကို ရပ်ရွာရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ ဤစီမံကိန်းကို ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ (၃၀. ၉. ၂၀၁၈)ရက်အတွင်း အပြီးသတ်ဆောင်ရွက်ပါမည်။

(၂) **ကျောက်စီကမ်းပါးတည်ဆောက်ခြင်း**

ရှားပင်ကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိ၍ အမြန်ရေယာဉ်လှိုင်းများ ပုတ်ခတ်မှု၊ မိုးတွင်းကာလ ရေများလျှံတက်မှု၊ ရေတိုက်စားမှုတို့ကြောင့် ကျောက်စီကမ်းပါးကို ရေကာတာဖြစ်ရန် လိုအပ်ပါသည်။ ကျောက်စီကမ်းပါးများ တည်ဆောက်ရာတွင် စက်ယန္တရားကြီးများဖြင့် ကျောက်တုံးများ ဝယ်ယူသယ်ဆောင်ရပါမည်။ လိုအပ်သည့် လူအင်အားများကို ရပ်ရွာအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သွားပါမည်။

ကျောက်စီကမ်းပါးတည်ဆောက်ရာတွင် (တစ်နည်း)

စက်မျှောကြီးများဖြင့်လည်း မြစ်တွင်းမှ ကျောက်သဲများကို စုပ်ယူတင်ဖို့ရပါမည်။ လိုအပ်သည့် လူအင်အားကို ရပ်ရွာလူထုများဖြင့် ပူးပေါင်းဆောင်ရွက်ပါမည်။ ကမ်းပါးကျောက်စီရာတွင် အရှည်ပေ(၅၂၀၀)ခန့် ရှိပါသည်။ ၄င်းကို ၂၀၁၉ခုနှစ် ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ ၂၀၁၉ခုနှစ်အတွင်း အပြီးဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

Scanned by CamScanner

(၃) ကျေးရွာတွင်းရှိ လမ်းသွယ်များ သဲကျောက်သဲခင်းခြင်းလုပ်ငန်း

ရွာပင်ကျေးရွာတွင် ရှေ့နောက်လမ်းမကြီးများသို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းသွယ်ဆယ်ခုရှိပါသည်။ ၄င်းတို့သည် မြေသားလမ်းများဖြစ်၍ ဗွက်အိုင်များရှိနေပါသဖြင့် ကျောက်သဲခင်းပြုပြင်ရန် လိုအပ်ပါသည်။ လမ်းသွယ်တစ်ခုစီ၏ အရှည်သည် တစ်ဖာလုံခန့်ရှိပါသည်။ ရပ်ရွာတွင်းမှ လူအင်အားများဖြင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ ၄င်းစီမံချက်ကို ၂၀၂၀ခုနှစ် သတ်မှတ်ချိန်ကာလအတွင်း အပြီးသတ်ဆောင်ရွက်ပါမည်။

(၄) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း

ရွာပင်ကျေးရွာသည် အိမ်ထောင်စု သုံးရာကျော်၍ လူဦးရေများပြားသော်လည်း ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိသေးပါသဖြင့် လိုအပ်လျက်ရှိပါသည်။ ၄င်းဆေးပေးခန်းတည်ဆောက်ရာတွင် မြေကွက်နှင့် အဆောက်အဦလိုအပ်နေပါသည်။ ရပ်ရွာလူထုအနေဖြင့် မြေနေရာဝယ်ယူရန် စီမံချက်များ ရည်ရွယ်ထားပြီး ဖြစ်ပါသည်။ လိုအပ်သော လုပ်အားများပေးခြင်းဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားပါမည်။ ၄င်းကို ၂၀၂၁ခုနှစ် ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ ၂၀၂၁ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းများကို ကျေးရွာအဖွဲ့အစည်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာပင်ကျေးရွာ ၊ ကင်းတပ်ကျေးရွာအုပ်စု
မော်လိုက်မြို့နယ်

ရက်စွဲ၊ ၂၀၁၈ခုနှစ် ဇွန်လ (၁၇)ရက်။


Scanned by CamScanner

မော်လိုက်ဖြို့နယ်ကင်းတပ်ကျေးရွာအုပ်စု၊ ရှားပင်ကျေးရွာ
ကျေးရွာမွဲ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်မည့် နှစ်အလိုက်ဦးစားပေးစီမံချက်အခြေပြဇယား

၁၁-၆-၂၀၁၈

စဉ်	အကြောင်းအရာ	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	မှတ်ချက်
၁	လမ်းမကြီး ကျောက်သဲခင်းခြင်းနှင့်ရေပြွန်တည်ဆောက်ခြင်း	✔					
၂	ကျောက်စီကမ်းပါးတည်ဆောက်ခြင်း		✔				
၃	ရွာတွင်းလမ်းသွယ်များသဲကျောက်ခင်းခြင်း			✔			
၄	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း				✔		
၅	ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း					✔	

Scanned by CamScanner




Scanned by CamScanner

ဝေလိုက် မြို့နယ် ၊ ကျားပင်ကျေးရွာ ၏ ရာသီခွင်ပြ ပြက္ခဒိန်

၁၅.၆.၂၀၁၁

အဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	[illegible]	[illegible]	ထွန် မြေ [illegible]	လယ် [illegible]	[illegible]	[illegible]	[illegible]	ပဲခင်း [illegible]	စပါး ရိတ်သိမ်း	စပါး ရိတ်သိမ်း	မြေပဲ [illegible]	မြေပဲ [illegible]
လက်လုပ်လက်စား မိသားစုများ၏ ငွေရှိမှု	[illegible]	[illegible]	-		[illegible]	[illegible]		-				
အသုံးစရိတ်	$ $ $	$$$	$$	$$	$ $	$$	$ $ $	နည်း	$	$	$$	$$$
ချေးငွေလိုအပ်မှု	-	-	KKK	KKK	-	K	KKK	KK	K	-	-	KKK
ဝမ်းစာ မလုံမှု	မလုံ	မလုံ	မလုံ	သင့်	သင့်	သင့်	သင့်	မလုံ	မလုံ	[illegible]	မလုံ	မလုံ
သောက်သုံးရေရရှိမှု	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ	ပေါများ
တိရိစ္ဆာန် ရောဂါကျရောက်မှု	-	-	-	ကျွဲနွား [illegible]	ကျွဲနွား [illegible]	-	-	-	-	-	-	-
ကျန်းမာရေးအခြေအနေ	-	-	-	ဖျားနာ	ဖျားနာ	-	-	-	-	-	-	-
သီးနှံပိုးမွှား ရောဂါကျရောက်မှု	-	-	-	-	-	[illegible]	-	ပဲခင်း [illegible]	-	-	-	-
ပွဲတော်	-	-	-	-	-	-	[illegible]	-	-	-	-	[illegible]
သဘာဝဘေးအန္တရာယ်	-	-	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	-



Scanned by CamScanner

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ကျေးရွာ – ရှားပင်ကျေးရွာ၊မော်လိုက်မြို့နယ်

(၄၈)ခုယား

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၁	၂၄	၄၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၀	၄၁	၈၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၆	၆၄	၁၂၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၅	၅၉	၁၁၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၃၅	၆၅၆	၁၂၉၁
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄၃	၆၂	၁၀၅
စုစုပေါင်း		၈၅၀	၉၀၆	၁၇၅၆
စုစုပေါင်း အိမ်ထောင်စု		၃၂၇		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာစာရင်းကောက်ယူမှုတွင် (၄)နှစ်အောက်မှနို့စို့အရွယ်ထိကျေးရွာနေ အိမ်ထောင်စု၏ (၇.၁၅%)ခန့်သာတွေ့ရှိရပြီး ကျောင်းနေမှု/လယ်အရွယ်မှာ(၁၃.၃%)ခန့်သာရှိ၍ အလုပ်လုပ်နိုင်သည့် အရွယ်မှာ(၇၃.၆%)ခန့်အများဆုံးကိုတွေ့ရှိရပါသည်။သက်ကြီးရွယ်ကြီးစာရင်း (၅.၈%)သာရှိသည့်အတွက် (၄)နှစ်အောက်အရွယ်နှင့်မတိမ်းမယိမ်းရှိနေသည်ကိုတွေ့ရှိရ ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၂၃၄	၃၇၀		မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား: / ဝန်ထမ်း:	၈၄	၁၅၄		မြင့်☐လတ်☑နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်☐လတ်☐နိမ့်☑
၃	ငါးလုပ်ငန်း: (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်☐လတ်☐နိမ့်☑

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်း:အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ☑
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်□လတ်□နိမ့်☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်း:အဖြစ်လုပ်ကိုင်သူ (ဦး၊ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်ငွေစု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ☑
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်□နိမ့်☑
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ့်☑
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်□နိမ့်☑
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်□နိမ့်✓
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	၄	၅		မြင့်□လတ်□နိမ့်□
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ့်✓
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်□နိမ့်□
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်✓နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်✓နိမ့်□
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		☒
	အလုပ်သမား: / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၂	၂		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	-	-		မြင့်□လတ်□နိမ့်□
	စုစုပေါင်း:	၁၂၇	၁၃၄		☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင် လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"စိုက်ပျိုးရေး"ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း:"တွင်ရပ်တည်နိုင်မှု"မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရွာပင်ကျေးရွာတွင်အိမ်ထောင်စုဦးရေ(၃၂၇)စုအနက်(၃၁၈)စုသောအိမ်ထောင်စု

Scanned by CamScanner

များမှာ စိုက်ပျိုးရေးလုပ်ငန်းအားကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းသူများနှင့်လယ်ယာလုပ်ငန်းခွင်တွင်လုပ်ကိုင်လျက်ရှိကြသောကျပန်းလုပ်သားများဖြစ်ကြပါ သည်။ကျန်အိမ်ထောင်စု(၁၁)စုမှာစျေးဆိုင်(၂)ပညာရေးဝန်ထမ်း(၄)၊ပန်းရန်လုပ်သား(၁)နှင့်မှိုခိုပျဲကျလုပ်သား(၂)အိမ်ထောင်စုတို့ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏လုပ်အားခနှုန်းထားများမှာလယ်လုပ်ကိုင်သူ တောင်သူများဖြစ်သည့်အလျောက် ပျိုးနှုတ်ချိန်တွင်ယောကျ်ားတစ်ဦး၏ဝင်ငွေပျမ်းမျှနှုန်း(၃၀၀၀)မှ(၈၀၀၀)နှုန်းထိရရှိပြီးအမျိုးသမီးတစ်ဦးမှာကောက်စိုက်ချိန်နှင့်အခင်းသိမ်းပဲနှုတ်ချိန်တွင်(၃၀၀၀)မှ(၅၀၀၀)နှုန်းထိရရှိ၍မိသားစု၏အပြင်ဝင်ငွေမှာအသင့်အတင့်သာရှိ၍မိမိတို့တောင်ယာထွက်သီးနှံများမှမှိုခိုရသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

Scanned by CamScanner

မြေအမျိုးအစား	ဧရိယာ (ဖက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃၅၆.၅၀	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၂	ကောင်း ☐	သင့် ☐	ညံ့ ✓
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့် ✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၀၂	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၅၃၀.၅၀	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှလုပ်ကိုင်ကြသောတောင်ယာများ၏ မြေဆီလွှာမှာ အသင့်အတင့်မျှသာရှိ၍ သဘာဝမြေဩဇာ၊ဓာတ်မြေဩဇာများကိုအသုံးပြု၍လုပ်ကိုင်ကြရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✓	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ✓ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း✓ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း✓ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်တန်ဖိုးကြီးသတ္ထုတွင်းထွက်များမရှိသော်လည်းကျောက်သဲကျောက်စရစ်စသည်တို့ကိုမြစ်ရေနည်းချိန်ဖြစ်သောဆောင်းနှင့်နွေတို့တွင်အလွယ်တကူ ရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

Scanned by CamScanner

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၈ ဧကအထက်	၅ဧကမှ ၈ ဧကအထိ	၅ ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ်သွပ်မိုး	ပျဉ်ကာ၊သွပ်မိုး	ကပ်ကာ၊သွပ်မိုး	ကပ်ကာ၊သစ်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စပါး၊ကြိတ်စက် လက်တွန်းထွန်စက်	လက်တွန်းထွန်စက် ၊ ရေစုပ်စက်	ရေစုပ်စက်	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ+ အရောင်းအဝယ်	တောင်သူ	တောင်သူ+ ကျပန်း	ကျပန်းလုပ်သား
အိမ်ထောင်စု	၃၃	၉၇	၉၈	၉၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဥစ္စာဓနအဆင့်အခြေအနေအား လယ်မြေပိုင်ဆိုင်မှုဖြင့်ခွဲခြားရာတွင် လယ်ယာမြေပိုင်ဆိုင်မှု၏ (၉.၉%)ခန့်သည်အဆင်ပြေသောအိမ်ထောင်စုတွေ့ရ၍(၂၉%)ကျော်သည် အလယ်အလတ်ရှိပြီး(၂၉.၄%)မပြေလည်သောနှင့်အလွန်မပြေလည်မှုမှာ(၃၁.၅%)ခန့်ရှိနေသည်ကို တွေ့ရှိရ ပါသည်။အိမ်အဆောက်အအုံအခြေအနေမှာ(၃.၉%)သည်နှစ်ထပ်တိုက် နေထိုင်သော အိမ် များသည် ပျဉ်ထောင်၊ သွပ်မိုးအဆောက်အဦးများဖြင့်နေထိုင်ကြပါသည်၊စီးပွားရေးအနေဖြင့် အဆင်ပြေမှုသည်အလယ်အလတ်ရှိသော အိမ်ထောင်စုများ များပြားပါသည်။

(ဃ) ထိခိုက်လွယ်မှု

(ဃ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ မရှိပါ

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု၍အထူးလိုအပ်သောအခြေအနေရှိအိမ်ထောင်စု များးဒေသတွင်း၌မရှိပါ ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာဘစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □နိမ့် ✓မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □နိမ့် □မရှိ ✓
၃	ရေကြီးခြင်း	မြင့် □လတ် ✓နိမ့် □မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့် □မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့် □မရှိ ✓
၆	မုန်တိုင်း	မြင့် □လတ် □နိမ့် □မရှိ ✓
၇	ငလျင်	မြင့် □လတ် □နိမ့် □မရှိ ✓
၈	မီးဘေး	မြင့် □လတ် □နိမ့် □မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့် □မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် ✓နိမ့် □မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ✓လတ် □နိမ့် □မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □နိမ့် ✓မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့် ✓မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့် □မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့် □မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် ✓နိမ့် □မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့် □မရှိ □
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □လတ် ✓နိမ့် □မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ တစ်ခုလုံး ရေကြီး၊ရေလျှံနေချိန်၌သာ စားနပ်ရိက္ခာအခက်အခဲ

Scanned by CamScanner

ရှိပြီး ကျန်ကာတွင်အသင့်အတင့်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ✔လတ် □နိမ့်□မရှိ □
၂	အမျိုးသမီး၊ ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် ✔နိမ့်□မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ✔လတ် □နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ✔
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် ✔နိမ့်□မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့် □လတ် ✔နိမ့်□မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် ✔နိမ့်□မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✔
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စု၏ထက်ဝက်ကျော်မှာ ချင်းတွင်း မြစ်ကမ်းဘေးတွင်နေထိုင်ကြသူများနှင့်လယ်ယာပျံကျလုပ်သားများဖြစ်ပြီးသဘာဝဘေးကျရောက်ပါကထိခိုက်လွယ်မှုများပြားကြောင်းတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၁□ ၂□ ၃☑	၁၅	-	၁၅	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: ✔ သင့် □ ညံ့ □
၂	အမျိုးသား အဖွဲ့	၁□ ၂☑ ၃□	၁၃၅	-	၁၃၅	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် □ ညံ့ □
၃	အမျိုးသမီး အဖွဲ့	၁□ ၂☑ ၃□	-	၁၇၁	၁၇၁	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် □ ညံ့ □
၄	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့	၁□ ၂☑ ၃□	၁၄	၃	၁၇	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် □ ညံ့ □
၅	ကျောင်းအကျိုးတောင်ဆောင်အဖွဲ့	၁□ ၂☑ ၃□	၆	၄	၁၁	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် ☑ ညံ့ □
၆	အမှုဆောင်အဖွဲ့	၁□ ၂□ ၃☑	၃၅	၃၁	၆၆	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် □ ညံ့ □
၇	ဆယ်အိမ်မှူးအဖွဲ့	၁□ ၂☑ ၃□	၃၀	-	၃၀	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း: □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

Scanned by CamScanner

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဖွဲ့အစည်းများစွာရှိသည့်အလျောက်အမျိုးသား/သမီးအဖွဲ့သည်အင်အားအများဆုံးအဖွဲ့အစည်းဖြစ်ပြီးရပ်ရွာ၏အကြောင်း ကိစ္စကြီးငယ်များအားတာဝန်ယူဆုံးအဖွဲ့ဖြစ်ပြီးကျန်အဖွဲ့များမှာမိမိတို့ ခေါင်းစဉ်အလျောက်တာဝန်ကျေးစွာထမ်းဆောင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	သမဝါယမအသင်းစု	၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□၃□၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊

Scanned by CamScanner

Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသောပြင်ပအဖွဲ့ဟူ၍များများ မရှိပါ။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	[illegible]	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၁၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၃၂၇	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုမှာ(၆.၃)%ခန့်သည်တောင်သူကြီးအဖြစ် တွေ့ရ၍(၃၄.၅၃)%သည်တောင်သူလတ် (၁၈.၃)%သည်တောင်သူငယ်(၈.၇)%သည်ဆင်းရဲသားတောင်သူနှင့်(၃၂)%သည်မြေမဲ့ယာမဲ့နှင့် ၎င်းထဲတွင်(၂.၁)%ခန့်သည်ကုန်သည် စျေးရောင်းသူ ဟူ၍တွေ့ရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)

Scanned by CamScanner

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၁၃၅၆.၅	တန်း	၃၀	၉၀	၇၀	Jul	Oct	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
မြေပဲ	၁၉၁	တန်း	၁၅	၂၅	၂၀	Oct	Jan	မြင့်□လတ်☑နိမ့်□	မြင့် □လတ်☑နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

Scanned by CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွာပင်ကျေးရွာတွင် အဓိကသီးနှံစိုက်ပျိုးမှုမှာ စပါး၊မြေပဲ၊နေကြာ၊ စသည်ဖြင့် စိုက်ပျိုးကြရာ စပါးနှင့်မြေပဲသည်အဓိကသီးနှံအဖြစ် စိုက်ပျိုး ကြ ပါသည်။ နေကြာကိုမူ စပါးရိတ်သိမ်းပြီးချိန်၌ဆင်းမြေပဲစိုက်ခင်းထဲတွင်အတန်းလိုက်သော်လည်းကောင်းကျိုးကြားပက်ဖြန့်၌ဆင်းစိုက်ကြသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိုရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၆၁	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၇	-	-	-
ရေစုပ်စက်	၁၄၆	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတောင်သူအချို့မှာကိုယ်ပိုင်ထွန်စက်ဖြင့်လုပ်ကိုင်ကြပြီး အချို့မှာငှားရမ်း၍သော်လည်းကောင်း ကွဲနွားဖြင့်သော်လည်းကောင်း လုပ်ကိုင်ကြပါ သည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

